**BURMESE WOMEN'S UNION**

No.386, Thudammar Rd, North-Okkalapa Township, Yangon, Myanmar
No.265, Khun Li Street, Naung Yar (B) Ward, Loikaw, Kayah State, Myanmar
Email: secretariat.bwu@gmail.com / Phone: 09 4200 423 73

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆန့်ကျင်ရေးနေ့ ထုတ်ပြန်ကြေညာချက်

နိုဝင်ဘာလ(၂၅)ရက်၊ ၂၀၁၈ခုနှစ်။

နိုဝင်ဘာလ(၂၅) ရက်နေ့ သည် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆန့် ကျင်ရေးနေ့ ဖြစ်ပါသည်။

ယခုနှစ် ၂၀၁၈ ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း မုဒိမ်းမှုစုစုပေါင်း(၇၂)မှု ဖြစ်ပွားခဲ့ပြီး ၄င်းတို့အနက် သက်ငယ်မုဒိမ်းမှုမှာ (၆၂)မှုပါဝင်နေသည်ကို သတင်းအချက်အလက်၊ မှတ်တမ်းများအရတွေ့ရှိရသည်။ ဤအရေအတွက်သည် ဥပဒေလမ်းကြောင်းသို့ ရောက်ရှိလာသည့် အနည်းငယ်သောအမှုများသာဖြစ်သည်ဟုလည်း ပြောဆိုမှုများရှိနေသည်။ တရားဥပဒေစိုးမိုးမှု အားနည်းနေခြင်း၊ အထူးသဖြင့် အမျိုးသမီးများကို ကာကွယ်ပေးနိုင်သည့် ဥပဒေများ အားနည်းခြင်းနှင့် ထိရောက်သော အကောင်ထည်ဖော်မှု ပျက်ကွက်ခြင်းသည် အမျိုးသမီးများအနေဖြင့် ၄င်းတို့၏ အကြမ်းဖက်မှုများကို တရားဥပဒေရှေ့မှောက် သယ်ဆောင်လာနိုင်ရန်အတွက် ကြီးမားသောအဟန့်အတားပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး နားလည်လက်ခံကျင့်သုံးမှု ဆိတ်သုဉ်းခဲ့သဖြင့် ကျား/မ အခြေပြုလိင်ကွဲပြားမှုကြောင့် အမျိုးသမီးများရင်ဆိုင်နေရသည့် အိမ်တွင်းအကြမ်းဖက်မှုများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ လွန်စွာမြင့်မားလျက်ရှိနေသည်။ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများဖြစ်သော မုဒိမ်းမှု၊ လိင်အမြတ်ထုတ်မှု၊ လိင်ကျေးကျွန်ဖြစ်မှု၊ လူကုန်ကူးမှုစသည့် ဆိုးဝါးသည့် အကြမ်းဖက်မှုများသည် လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး၊ အချိန်အခါမရွေး၊ လူတန်းစားအလွှာအသီးသီးတွင် စိုးရိမ်ဖွယ်ရာမြင့်မားလျက်ရှိသည်။

DNA စစ်ဆေးချက်ရယူရန် (သို့မဟုတ်) ပြစ်မှုထင်ရှားသည့်တိုင်အောင် အပြစ်ပေးအရေးယူရန် လွန်စွာနှောင့်နှေးကြန့်ကြာမှု၊ တရားဥပဒေဘက်တော်သားများကိုယ်တိုင်ပင် ကျူးလွန်ခံရသူအား ပြန်လည်အပြစ်တင်တတ်သည့် ကျားမတန်းတူရေး ရှုထောင့်အမြင်မရှိမှု၊ ရှေးရိုးအယူအဆအစွဲများအမြစ်တွယ်နေမှု၊ ကျူးလွန်ခံရသူ အမျိုးသမီးများအပေါ် အားပေးနှစ်သိမ့်သည့် လူမှုအသိုင်းအဝိုင်းအားနည်းမှု၊ ငွေကြေး(သို့) အာဏာရှိသူတို့၏ ငွေများတရားနိုင်အလေ့အထ အားကောင်းမှုတို့နှင့် တရားရင်ဆိုင်ရန် ကုန်ကျစရိတ်များ မြင့်မားမှုစသည့် အခက်အခဲများသည် အမျိုးသမီးများ၏အကြမ်းဖက်ခံရမှုများအပေါ် ဆက်လက်ရင်ငုံနှုတ်ပိတ်နေစေရန် တွန်းအားပေးနေဆဲဖြစ်သည်။

ထိုအခြေအနေများသည် သာမန်အရပ်သားကျူးလွန်သူများကို လိင်အကြမ်းဖက်မှုများမှ အပြစ်ကင်းလွတ်ခွင့်ပြုနေသည့်အပြင် မြန်မာနိုင်ငံတပ်မ်းလုံးရှိ တိုင်းရင်းသားဒေသများတွင် စစ်ပဋိပက္ခများအတွင်း နှစ်ဖက်လက်နက်ကိုင်အဖွဲ့အစည်းများ၊ အာဏာရှိ အဖွဲ့အစည်းများ၏ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအခြေအနေများကိုလည်း ယခုအချိန်ထိ ထိန်းချုပ်ကာကွယ်နိုင်သည့် အနေအထားမရှိသေးပေ။ ဥပမာအားဖြင့် လွန်ခဲ့သော ၂၀၁၅ ခုနှစ်အစောပိုင်းအတွင်း ကချင်ဆရာမနှစ်ဦး၏ မုဒိမ်းကျင့် သတ်ဖြတ်ခံရမှုကို ယခုချိန်ထိ တရားမျှတမှု ဆောင်ကျဉ်းမပေးနိုင်သေးသကဲ့သို့ ရခိုင်ပြည်ပဋိပက္ခအတွင်းအမျိုးသမီးများ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုမှာ ယနေ့အချိန်အထိအငြင်းပွားနေရဆဲ အခြေအနေတွင်ရှိနေပြီး အတိုင်းအတာတခုကို ပွင့်လင်းမြင်သာစွာ စုံစမ်းစစ်ဆေးနိုင်သည့်အနေအထားပင် မရှိသေးပေ။

ထို့ပြင် လက်ရှိဥပဒေများသည် ကျားမရေးရာရှုထောင့်အရ အားနည်းမှုများစွာရှိနေသောကြောင့် အမျိုးသမီးအဖွဲ့အစည်းများနှင့် တတ်သိပညာရှင်များ ပူးပေါင်းအကြံပြုပြင်ဆင်ထားသော အမျိုးသမီးများအားအကြမ်းဖက်မှုတားဆီးကာကွယ်ရေးဥပဒေမူကြမ်း PoVAW Bill (Prevention and Protection of Violence Against Women Bill) ကို အတည်ပြုပြဋ္ဌာန်းနိုင်မှုမှာလည်း အကြောင်းပြချက်မရှိ နှောင့်နှေးကြန့်ကြာလျက်ရှိနေသည်။ အမျိုးသမီးရေးဆိုင်ရာဖွံ့ဖြိုးရေးကို အကောင်ထည်ဖော်ဆောင်ရွက်ရန်အတွက် လုံလောက်သော ဘတ်ဂျက်သီးသန့်လျာထားချက်ပင် မရှိသည်ကို ကြည့်ခြင်းအားဖြင့်လည်း အစိုးရသည် အမျိုးသမီးများပေါ် အကြမ်းဖက်မှု ကာကွယ်တားဆီးရေး လုပ်ဆောင်ရန် နိုင်ငံရေးစိတ်ဆန္ဒအားနည်းနေသည်ကို တွေ့မြင်နေရသည်။

ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရေးအဖြေရှာနေကြသည်ဆိုသော်လည်း ဒေသအသီးသီးရှိ အမျိုးသမီးများသည် နည်းမျိုးစုံဖြင့် သာမန်အရပ်သားမှအစ အာဏာပိုင်များ၊ လက်နက်ကိုင်ဆောင်သူများ၏ အကြမ်းဖက်မှုစားစာခံများအဖြစ် ခြိမ်းခြောက်ခံနေရဆဲဖြစ်သည်။ အမျိုးသမီးများ၏ လုံခြုံရေးကို အလေးမထားခြင်းသည် တနိုင်ငံလုံးရှိ လူဦးရေထက်ဝက်ကျော်၏ လုံခြုံရေးကို လျစ်လျူရှုခြင်းဖြစ်သည်ဟု မြန်မာ့အမျိုးသမီးသမဂ္ဂမှ ယုံကြည်သည်။

လူ့ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်သည့် လုံခြုံသည့် လူမှုဂုဏ်းကျင်ကို မဖန်တီးနိုင်လျှင် စစ်ပွဲများရပ်ဆိုင်းသွားသည့်တိုင် ငြိမ်းချမ်းသည့် လူမှုအသိုက်အဂန်းကို တည်ဆောက်နိုင်မည်မဟုတ်ပါ။ ထို့ကြောင့် အခြားနိုင်ငံရေးရာ အရေးကြီးကိစ္စများနှင့်အတူ တပြိုင်နက်တည်း အမျိုးသမီးများ၏ "လူမှုဘဂလုံခြုံရေး"ကိုလည်း နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာဖြင့် အလေးထားဆောင်ရွက်ပါရန် အစိုးရနှင့်တကွ မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို မိမိတို့ မြန်မာ့အမျိုးသမီးသမဂ္ဂ (BWU) မှ တိုက်တွန်းတောင်းဆိုအပ်ပါသည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ

(Burmese Women's Union)